# BreastScreen WA

Burmese

## Screening mammography for women with a family history of breast cancer

## မိသားစုတွင်း ရင်သားကင်ဆာရှိခဲ့ဖူးသော အမျိုးသမီးများအတွက် မင်မိုဂရမ်(နို့အုံပုံရိုက်) စစ်ဆေးမှု



ဗရက်စခရင်းဒဗျူအေသည် အမျိုးသမီးများအတွက် အခမဲ့ နို့အုံပုံရိုက်စစ်ဆေးပေးသည်၊ အသက်၅၀ မှ ၆၉ နှစ်အတွင်း အမျိုးသမီးများအတွက် အရေးကြီးသော စစ်ဆေးမှုဖြစ်သော်လည်း အသက် ၄၀မှ စ၍ အမျိုးသမီးများ လာရောက်နိုင်ပါသည်၊ အကယ်၍ အမျိုးထဲတွင် ရင်သားကင်ဆာ ရှိခဲ့ဖူးလျှင် ယခုစာတမ်းက နို့အုံပုံရိုက်စစ်ဆေးမှုနှင့်ပတ်သက်၍သင်မေးလိုရာ အချို့ကိုအဖြေပေးနိုင်ပါသည်။

### အမျိုးထဲတွင်ရင်သားကင်ဆာဖြစ်ခဲ့ဖူးလျှင် ဆိုတာ ဘာကိုဆိုလိုတာလဲ၊

- မိသားစုထဲ၌ အနည်းဆုံး တစ်ယောက် ရင်သားကင်ဆာ ရှိခဲ့ဖူးသည်။
- ဤရောဂါ တခုတည်း မိသားစုအတွင်း အများအပြား ဖြစ်ခဲ့ဖူးလျှင် မျိုးရိုးအရ ဆက်ခံသည့်ရောဂါ ဟုတွေးစရာရှိသည်။
- ရင်သားကင်ဆာကို ကိုယ်တိုင်တော့ အမွေရခြင်းမဟုတ်ပါ။ သို့သော် ကင်ဆာဖြစ်စေသော ပုံမှန်မဟုတ်သည့် မျိုးရိုးဗီဇကိုအမွေ ရနိုင်သည်၊ အမျိုးသမီးအနေနှင့် ယင်းပုံမှန်မဟုတ်သည့် ဗီဇကိုရခဲ့လျှင်၊ ရင်သားကင်ဆာဖြစ်ကိုဖြစ်မည်ဟု သေချာပေါက် မဆိုနိုင်သော်လည်း ဖြစ်နိုင်ချေများသည်။
- ရင်သားကင်ဆာ အများဆုံးမှာ မျိုးရိုးဗီဇကြောင့်မဟုတ်ဘဲ မမှတ်မထင်ဖြစ်ကြသည်၊ ရင်သားကင်ဆာဖြစ်မှု အားလုံးတွင် မျိုးရိုးကြောင့်ဖြစ်မှုမှာ ၁ မှ ၅ ရာနှုန်းအထိသာရှိသည်။

### မိသားစုတွင်း ရင်သားကင်ဆာရှိသော အမျိုးသမီးများအတွက် စိတ်သက်သာစရာ အချက်များ

မိသားစုတွင်း ရင်သားကင်ဆာရှိခဲ့ကြောင်း သိသော အမျိုးသမီးများမှာ စိတ်ပူပန်စရာ ဖြစ်နေသည်။ သို့သော် သိထားသင့်သည်များမှာ

- ဩစတြေးလျှမ်းအမျိုးသမီး ၉ ယောက်တွင် ၁ ယောက် သူတို့အသက်တာတွင်း ရင်သားကင်ဆာဖြစ်လိမ့်မည်။
- ရင်သားကင်ဆာဆိုသည်မှာ အသက်ကြီးလာသည်နှင့်အမျှ ဖြစ်နိုင်ချေပိုများသည့် သာမန်ရောဂါဖြစ်သည်၊ အမျိုးသမီးအများစုတွင် ဤရောဂါဖြစ်ခြင်းသည် မျိုးရိုးကြောင့်မဟုတ်ပဲ ဖြစ်ချင်လို့ ဖြစ်ခြင်းသာဖြစ်သည်။
- အမေ သို့မဟုတ် အမ ရင်သားကင်ဆာရှိလျှင် သင်လည်း အလိုအလျှောက် ရင်သားကင်ဆာ ရလာမည်ဟု မယူဆနိုင်ပါ။
- သင့်မှာ ရင်သားကင်ဆာဖြစ်လာခဲ့လျှင်၊ ဤပုံမှန်မဟုတ်သည့် မျိုးရိုးဗီဇကို သေချာပေါက် အမွေရခဲ့ပြီး၊ သင့်သားသမီးများကို အမွေဆက်ပေးလိမ့်မည်ဟု မယူဆနိုင်ပါ။
- ရင်သားကင်ဆာ ရှိလာသူ အမျိုးသမီး ၁၀ယောက်အနက် ၉ယောက်တွင် မိသားစုကင်ဆာဖြစ်ခဲ့မှု ရာဇဝင်မရှိပါ။

### သင့်မိသားစု ရာဇဝင် အရေးကြီးလာချေမှာ

- သင့်အမျိုး တစ်ဖက်အတွင်း (မိခင်ဘက် သို့မဟုတ် ဖခင်ဘက်) တစ်ယောက်ထက်မက ရင်သားကင်ဆာ ရှိသည်ကို တွေ့ရှိလာလျှင်
- ထိုအမျိုးများမှာ အသက်၅၀ အောက်တွင် ကင်ဆာဖြစ်ကြောင်း စတင်တွေ့ရှိခဲ့လျှင်
- ထိုရင်သားကင်ဆာဖြစ်သော အမျိုးများသည် သင်နှင့်နီးစပ်စွာ တော်စပ်လျှင် (ဝမ်းကွဲ မဟုတ်ဘဲ ညီအစ်မအရင်း)
- ရင်သားနှစ်ဖက်လုံး ရင်သားကင်ဆာဖြစ်ခြင်း၊ အမျိုးသားရင်သားကင်ဆာ သို့မဟုတ် ရင်သားနှင့် မျိုးဥကင်ဆာ မိသားစုအတွင်း ဖြစ်လျှင်

**For an appointment phone 13 20 50**